
666 သျှား
ဆဋ္ဌမအာရုံရှင်မောင်နှံ
နှင့်
စေတာနိဂိုဏ်း

# (၁)အသွင်ပြောင်းသောစေတန်
# အချိန်ကာလ ညဥ့် နက်နက်

လမင်း မသာနိုင်ရှာသော လကွယ်ည တစ်ညမှာ ကြယ်ရောင်သာ အဖော်ပြု နေရသည် ။ ပိန်းပိတ်အောင် မှောင်သော အမှောင်ထုက ကြီးစိုးထားသည် ။ ဝန်းကျင် တစ်ခုလုံးကို အိပ်စက်ခြင်းက လွှမ်းခြုံ ထားသည် မို့ အပ်ကျသံပင် မကြားရအောင် တိတ်ဆိတ်ငြိမ်သက် နေခဲ့သည် ။ နယ်ဘက်တောရွာ တို့ ၏ ထုံးစံအတိုင်း နေဝင်တာနှင့် အားလုံး တိတ်ဆိတ်ငြိမ်သက်ပြီး အိပ်စက်ခြင်းသို့ ရောက်ကုန် ကြပြီ။ မအိပ်စက်နိုင်သူ တစ်ယောက်ကတော့ မင်းထက်ရှားပါ။ မင်းထက်ရှား မိမိအိမ်မှ တိုးတိတ်စွာ ထွက် လာခဲ့သည် ။ ရွာလယ် လမ်းမကြီးပေါ်မှာ သက်ရှိဟူ၍ မိမိ တစ်ယောက်တည်းသာ ရှိလိမ့်မည် ထင်သည် ။ သူရွာထိပ်က ညောင်ညိုပင်အောက်သို့ ထွက်ခဲ့သည် ။ သူ့လက်ထဲမှာ တော့ ပြောင်လက် ချွန်ထက်နေသော ဓားတစ်လက် ပါလာသည် ။ ရွာထိပ်မှ ညောင်ညိုပင်အောက်ရောက်တော့ သူထိုင် ချလိုက်ပြီး သည်းထန်စွာ ငိုရှိုက်သည် ။

" ငါ... ဒီ သိန်း၅၀၀ ဘယ်ကနေ ရှာရပ့်ါမလဲ... င့ါမိဘတွေမှာ လည်း အဲ့ဒီလောက် ရှိမှာ မဟုတ်ဘူး ... င့ါကို အင်ဂျင်နီယာ ဖြစ်အောင် ၅နှစ်လောက် ရုန်းကန်ပြီး ကျောင်းထားပေးရတာ... ဒီနှစ် အဖေ့ လယ်တွေလည်း ရှုံးတယ် ကြားတယ်... ငါကုမ္ပဏီမှာ စာရင်းမှားလို့ သိန်း ၅၀၀ အလျော်ပေးရမယ် သာ သိရင် သူတို့ တွေ ဘယ်လောက်တောင် ထိတ်

လန့် သွားကြမလဲ"

မင်းထက်ရှား ဆိုသော သူဟာ ဒီ တောရွာလေးမှာ အတန်အသင့် ပြေလည်သော မိဘနှစ်ပါးမှ ပေါက်ဖွားလာသူ တစ်ဦး။ ပညာရေးကို အားပေးသော မိဘနှစ်ပါးကြောင့် သူဟာ အင်ဂျင်နီယာ တစ်ယောက် ဖြစ်လာသည် အထိ ပညာရေးမှာ အောင်မြင်မှု ရခဲ့သည် ။ ရပ်ရည်က လည်း ခန့်ညား ချော မောလို့ ကျောင်းတုန်းက Kingတောင် ဖြစ်ခဲ့သည် ။ ကျောင်းပြီးတော့ ရန်ကုန် ရွှေမြို့တော်ကြီးဆီ ရောက်ခဲ့ပြီး ပုဂ္ဂလိကပိုင် ကုမ္ပဏီတစ်ခုမှာ လက်ထောက် အင်ဂျင်နီယာ အဖြစ် ဝင်ရောက် လုပ်ကိုင်နေခဲ့သည် ။ ရုပ်ချော ပညာတော်သော သားဖြစ်သူအတွက် သူ့ မိဘများက ရွာထဲတွင် ဂုဏ်မောက်၍ မော်ကြွား နေခဲ့တာ။ အခု သူက ကုမ္ပဏီမှာ စာရင်းမှား ပြီး ငွေ သိန်း၅၀၀ ပေးရမည့် အခြေအနေ ဖြစ်နေ တာကို မသိခဲ့ပါ။ ကုမ္ပဏီမှ အလုပ်ဖြုတ် ခံရသည့်အပြင် ကုမ္ပဏီက သူ့ ကို ငွေရှာဖို့ အချိန်တစ်ပတ် ပေးလိုက်သည် ။ ဤအချိန် တစ်ပတ် အတွင်းတွင် ငွေရှာပြီး ပြန်မဆပ် နိုင်ပါက သူ့ကို ကုမ္ပဏီက အချုပ်ထဲ ဆွဲထည့်လိမ့်မည်။ ထို့နောက် သူကြံရာမရ ဖြစ်ပြီး မိဘနှစ်ပါးတို့ ရှိနေ သည့် ရွာသို့ ပြန်လာခဲ့သည် ။ သူ့အမေက တစ်ရွာလုံးကို လျှောက်ကြွား ထားတာ သူ့ဂုဏ်သတင်းက ဟိုလေး တကြော်ကြော်။ မင်းထက်ရှား ဆို တာ ရွာသာယာရွာ၏ ဂုဏ်ယူစရာ ကောင်းသော လူငယ် တစ်ယောက်။ လူကြီး၊ လူငယ် ၊ ဆွေရိပ် မျိုးရိပ် မကင်းသူများအားလုံး သူ့ကို လေးစား အားကျနေသော အကြည့် များ နှင့် ကြည့်ကြသည် ။ ရွာမှ မိဘများကလ ည်း သူတို့ ၏ ကလေးများကို မင်းထက်ရှားလို လူတစ်ယောက် ဖြစ်အော င် လုပ်ဟု ဆုံးမသည် ။ သူ သူ့မိဘတွေကို ဒီငွေကိစ္စ ဘယ်လို ပြောထွက် ပါ့ မလဲ။ သေချာတာက သူတို့ ရှိသမျှ လယ်တွေ ခြံတွေ ရောင်းတောင် သိန်း၅၀၀ ပြည့်မည်မဟုတ်။ တစ်ပတ်ပြည့်လို့ ကုမ္ပဏီက ရဲခေါ်ပြီး သူ့

ကို ဖမ်းဝရမ်းတွေ ဘာတွေ ထုတ်ပါက သူဘယ်လိုမှ ဆက်မတွေးရဲ တော့။ သူ မွန်းကြပ် လာပြီ။ သူအသက်ရှင်ရတာ ပင်ပန်း လာပြီ။ ကိုယ့် အိမ်ကိုယ် ပြန်ရောက် ခဲ့တာတောင် သူ့အခက်အခဲ အတွက် လွတ်လွတ် လပ်လပ် ငိုကြွေးခွင့် မရှိတဲ့ ဘဝ ။ တစ်နေ့ တစ်နေ့ သူ့ကို အားကျပြီး တ စ်ယောက်ပြီး တစ်ယောက် လာနှုတ်ဆက်သည့် ရွာသားတွေကို ဟန် ဆောင် မျက်နှာဖုံးတပ်ပြီး ပြန်နှုတ်ဆက်ရတာ သူအရမ်း ပင်ပန်း လာပြီ ။ သူ ဒီလောကထဲမှာ ဆက်ရှိ မနေ ချင်တော့ပါ။ မြူမှုန်တွေလို သေးငယ် ကာ ပျောက်ကွယ် သွားချင်ပြီ။ သူအားရအောင် ငိုကြွေးပြီးနောက် ပြတ် သားသော ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည် ။ သူ ဒီလောကကြီး ထဲ ကနေ ထွက်ခွာသွား ပါရ စေတော့။ မင်းထက်ရှား ပြောင်လက်နေသော ဓားကို မြှောက်လိုက်ပြီး သူ့ဝမ်းဗိုက်ထဲသို့ ထိုးစိုက်ရန် အလုပ် ...

"ဟင်"

သူ၏ လက်ကို လာရောက် ဆုပ်ကိုင်သော အေးစက်စက် လက်တစ် စုံ။ သူလက်ပိုင်ရှင်ကို ကြည့်မိတော့ ...

"အား"

သူထိတ်လန့်စွာ အာခေါင်ခြစ် အော်လိုက်မိပေမယ့် သူ့အသံတွေက ထွက်မလာပါ။ အိုးမင်းရွတ်တွကာ အရိုးစုမျက်နှာ ဖြစ်နေသော လူတစ် ယောက်။ သူ့မျက်နှာမှာ ထင်ရှားတာဆို၍ လက်နှင့် နှိုက်လို့ ရအောင် ချိုု င့်ခွက် ဝင်နေသော မျက်တွင်းထဲမှ နီရဲနေသည့် မျက်ဝန်း တစ်စုံသာ ဖြစ် သည် ။ ဝတ်စုံကတော့ ဘောင်းဘီ အနက်ရောင် ဂျင်န်းပဲန်၊ ခေါင်း ဆောင်းပါသော အနက်ရောင် လည်သာ ဂျက်ကတ် အနွေးထည်ကို ဝတ် ဆင်ထားသည် ။

" မင်းထက်ရှား"

သူ့အသံကြားတော့ မင်းထက်ရှား ပို၍ ထိတ်လန့် သွားရသည် ။ သူ့အသံက မပီမပြင် ဗလုံးဗထွေး အသံဖြစ်ပြီး ချောက်ချားစရာ အတိကောင်းလှသည် ။

" ခင်… ခင်များ … ဘယ်သူလဲ"

သူနှုတ်မှ မေးမိပေမယ့် လည်ချောင်းထဲကနေ အသံတို့ ထွက်မလာပါ။ မင်းထက်ရှား သူ့ကိုယ်သူ အလွန် အံ့အားသင့် သွားရသည် ။

" မင်း… ငါပြောတာပဲ နားထောင်ရမယ်… ငါမင်းခန္ဓာကိုယ်ကို လိုချင်တယ် … ငါ့ကို မင်းခန္ဓာကိုယ် ပေးရင် မင်းဘုရင် တစ်ပါးလို နေထိုင်ရမှာ … မင်းအခု ဖြစ်နေတဲ့ ပြဿနာတွေလည်း အကုန်ပြေလည် သွားလိမ့်မယ်…"

"ဘယ်လို… ကျွန်တော် … အခု ဖြစ်နေတဲ့ ပြဿနာ ပြေလည်သွားမယ် ဟုတ်လား"

သူမေးလိုက်ပေမယ့် လည်ချောင်းမှ အသံတို့ က ထွက်မလာပါ။ သို့သော် ထိုသူက သူ့စကားကို ကြားရသည် ထင်သည် ။

"ဟုတ်တယ်… မင်းအခု ရင်ဆိုင်နေရတဲ့ သိန်း၅၀၀ ကိစ္စ အကုန်ရှင်းပြီးသား ဖြစ်သွားမယ်… မင်းမိဘတွေလည်း နဂိုအတိုင်း သူ့သား အလိမ္မာဆိုပြီး ဆက်ပြီး မော်ကြွားလို့ ရနိုင်ပြီ… ပြီးတော့… မင်းထက်ရှား… ဆိုတဲ့ လူတစ်ယောက်က နောက်ထပ် မရေတွက်နိုင်တဲ့ အောင်မြင်မှုတွေ အများကြီး ကိုလည်း ရရှိလိမ့်မယ်… ဟား… ဟား… ဟား"

ထို့နောက် ထိုသူသည် အခိုးအငွေ့တွေလို အငွေ့ပျံသွားကာ မင်းထက်ရှား၏ ခန္ဓာကိုယ်ထဲသို့ ထို အခိုးအငွေ့ များက ဝင်ရောက် သွားလေတော့သည် ။

"အား"

မင်းထက်ရှား နာကျင်စွာ အော်ဟစ် လိုက်ပေမယ့် အသံတို့ ထွက်မလာပါ။ အခိုးအငွေ့ များ မိမိ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက် လာသောအခါ ပြင်းစွာသော နာကျင်မှုကို ခံစားရသည် ။ သူ အာခေါင်ခြစ် အော်ဟစ်နေပေမယ့် မည်သည့် အသံမျှ ထွက်မလာပါ။ အတန်ကြာသည် အထိ မင်းထက်ရှား တစ်ယောက် မြေပြင်ပေါ် လူးလိမ့်ကာ အကြောင်းအရင်း မသိသော နာကျင်ခြင်း ဝေဒနာကို ခံစား ရသည် ။ သူ့ခန္ဓာကိုယ် တစ်ခုလုံးလည်း မီးပြင်းပြင်း အရှို့ခံရသလို မခံမရပ် နိုင်အောင် ပူပြင်း လောင်မြိုက် နေရသည် ။ ထို့နောက် မင်းထက်ရှား၏ ခန္ဓာကိုယ်သည် လှုပ်ရှားမှုတို့ ငြိမ်သက် သွားသည် ။

" အူ... ဝူး... ဝူး... ဝူး ... ဝူး "

ရွာလယ်လမ်းမ ခပ်ဝေးဝေးထက် မှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများကို ကြားလိုက် ရသည် ။

" ဂီး... ဂီး... ဂစ်"

ငှက်ဆိုးထိုးသံ ကြီးကလည်း ညဥ့်နက်နက် မှာ ချောက်ချားဖွယ်ရာ ထွက်ပေါ်လာသည် ။ တိတ် ဆိတ်နေသော ဝန်းကျင်က အမှောင်စွမ်းအားတွေကို ပို၍ အားဖြည့် ပေးနေသည် လား။ ညောင်ညို ပင်အောက်တွင် ငြိမ်သက်လျှက် လဲကျနေသော မင်းထက်ရှား၏ မျက်လုံးအစုံသည် ဖျတ်ခနဲ ပြန်၍ ဖွင့် လာသည် ။ သူ့ မျက်လုံးအစုံ က နဂိုလို မဟုတ်ဘဲ ထူးဆန်းစွာ နီရဲနေသည် ။မင်းထက်ရှား လဲကျနေရာမှ မတ်တပ် ထရပ်လိုက်သည် ။

" ဟား... ဟား...ဟား ... ငါခန္ဓာကိုယ် အသစ်ရပြီ... အက်စ်သာ ... ငါ နင့်ကို ဒီခန္ဓာကိုယ်ကို အသုံးချပြီး ရအောင် ယူမယ်... ဒီတစ်ခါတော့ နင့်

ကို ငါပဲ ပိုင်ဆိုင်ရမယ်...ဟား...ဟား...

***

## (၂) စေတန်၏ လက်ပါးစေများ -၁

"ရော့ ... ကောင်မလေး ဒီမှာ မင်းအတွက်"

၀၀ ဖိုင့်ဖိုင့်နှင့် တရုတ် အဘိုးကြီး တစ်ဦးထံမှ သူမအတွက် ပစ်ချပေးလိုက်သော ငွေတစ်ထပ်ကို မီးဝင်းဝင်း တောက်နေသော လောဘ မျက်လုံးများ နှင့် ကြည့်ရင်း လစ်ဇီ လှမ်းယူ လိုက်သည် ။

" မင်း... နာမည် ဘယ်သူ"

" လစ်ဇီပါ... သူဌေး"

" အေး Ph noလေး ပေးခဲ့၊ ငါလိုရင် ခေါ်လိုက်မယ်... မင်းက တော်တော် အပြုအစု ကောင်းတာပဲ ကောင်မလေး... ဟား... ဟား... ဟား"

သူဌေး၏ စကားကိုကြားတော့ လစ်ဇီ မျက်လုံးလေးများက တောက်ပ ရွှန်းလဲ့ သွားပြီး ...

"ကျေးဇူးပါ သူဌေး... လစ်ဇ္ဇီ Phက 09……ပါ၊ နောက် လိုအပ်ရင် ခေါ်ပါနော်"

"အေး"

ထိုနောက် လစ်ဇီ ဟိုတယ် အခန်းထဲမှ ထွက်ကာ အပြန်ခရီးကို စတင်ခဲ့သည် ။ အချိန်အားဖြင့် ညဥ့်သန်းခေါင်ယံ ကျော်ပြီမို့ ကားလမ်းမပေါ်

တွင် လူရော ကားများ ပါ ရှင်းလင်းနေသည် ။ ဒီနေ့ အတွက်တော့ လစ်ဇ္ဇီ အလုပ် အောင်မြင်သွားပြီ ပြောလို့ ရသည် ။ ဒီသူဌေး ပေးလိုက်သော ငွေက လစ်ဇီ နောက် နှစ်ရက် သုံးရက်လောက် ထိုင်စား နေလို့ ရသည် ။ လစ်ဇီဆိုတာ ငွေရှိ ဂုဏ်ရှိ ယောကျ်ားများကိုသာ အိပ်ယာထဲမှာ အလုပ်အကျွေးပြုသည့် ညဥ့်ပျော်မလေး တစ်ယောက်ပါ။ ဆင်းရဲ ချို့တဲ့ စွာကြီးပြင်းလာခဲ့ရသော လစ်ဇီသည် အမေတစ်ခု သမီးတစ်ခု ဘ၀။ အဖေက လစ်ဇီ မွေးနေစဉ် မြွေကိုက်၍ ဆုံးပါး သွားခဲ့သည် ။ စနေနေ့မှာ မွေးတဲ့ သမီးဦး ဖြစ်သော လစ်ဇီကြောင့်လို့ အမေက စွပ်စွဲကာ ဂြိုလ်မဟုခေါ်လေ့ရှိသည် ။ လစ်ဇ္ဇီ အသက် ၇ နှစ်လောက်မှာ အမေက နောက်အိမ်ထောင် ထပ်ပြုသည် ။ နောက်အိမ်ထောင်က အရက်သမား ဖြစ်ပြီး သားတစ်ယောက်လည်း ပါလာသည် ။ အမေ ထိုသူကို ဘာတွေ မက်မောလို့ အိမ်ထောင် ထပ်ပြုလိုက်သည် မသိပေမယ့် အမေပဲ ရှာကျွေး နေရတာ မြင်သည် ။ လစ်ဇ္ဇီ ပထွေးကတော့ အိမ်ဦးခန်းမှာ အခန့်သား ထိုင်ပြီး အရက်ပဲ ထိုင်သောက်သည် ။ လစ်ဇ္ဇီ အမေက သမီးရင်းထက် သူ့ယောကျ်ားနှင့် လင်ပါသားကိုပဲ ဦးစားပေးတာ များ သည် ။ လစ်ဇ္ဇီ ပထွေးက သူ့အချစ်ဦး ဆိုလားပဲ။ လစ်ဇ္ဇီ အသက် ၁၀ နှစ်လောက်မှာ တော့ ပထွေးက ဦးဦးဖျားဖျား စျေးဦးဖောက်ကာ ပန်းကောင်း အညွန့်ချိုးသည် ။ အမေ့ကို ပြောတော့လည်း မယုံကြည်ဘဲ သူမသာ အဆူခံ အရိုက်ခံ ရပါသည် ။ လစ်ဇီ ကျောင်းလည်း မတက်ခဲ့ရသလို စာလည်း မတတ်ပါ။ အဲဒီ အတိုင်း ပထွေး၏ တိတ်တိတ်ပုန်း ခြေတော်တင်တာ ခံလာရပြီးသည့် အချိန်မှာ လစ်ဇီ အသက် ၁၅ နှစ်လောက် ရောက်တော့ သူမထက် ၃နှစ်လောက် ကြီးသည့် ပထွေးသားကပါ မျက်စောင်း ထိုးလာသည် ။ နောက်ဆုံး လစ်ဇီ ကိုယ့်အမေနှင့် အတူတူ ယောကျ်ား တစ်ယောက်ကို ဖျော်ဖြေ နေရသည့် ဘ၀၊ ပထွေးသား၏ ထိကပါး ရိကပါး

လုပ်မှုများကို မခံမရပ်နိုင်အောင် ပေါက်ကွဲ ထွက် လာပြီး အိမ်မှ ထွက်ပြေးလာကာ ကိုယ့်ဝမ်း ကိုယ်ကျောင်းခဲ့ရသည် ။ အဲဒီလို ပထွေး နှင့် ပထွေးသား၏ ရမ္မက်လှောင်အိမ် ထက်စာရင် ဒီလို လွတ်လပ်စွာ နေ ရသည့် ဘဝကမှ ကောင်းသေးသည် ဟု ထင်မြင်မိသည် ။ လစ်ဇီ၏ ချောမောလှပသော ရုပ်ရည်ကြောင့် အထက်တန်းစား ကလပ်ဖာ တစ် ယောက် ဖြစ်လာခဲ့သည် ။ ဟုတ်သည် ရိုင်းသည့် စကားလုံး ဆိုပေမယ့် လစ်ဇီဆိုသည့် ကျွန်မက သူဌေးတွေကိုပဲ ပျော်တော်ဆက်သည့် အထက် တန်းစား 'ဖာ' တစ်ယောက်ပေ့ါ။ လစ်ဇီ မိမိဘဝကို ပြန်၍ တွေးတောနေ ရင်း တက္ကစီ တစ်စီး တစ်လေများ လာမလားလို့ ကားလမ်းမထက်ကို မျှော်ကြည့်သည် ။ ကားလမ်းမမှာ တော့ လူသွား လူလာ အားလုံး ရှင်း နေသည် ။

"ဟင်..."

ကားလမ်းဘေးဘက် ခပ်အုပ်အုပ် အပင်တန်း တစ်ခုအောက်မှာ လူ ရိပ်တစ်ခု တွေ့လိုက်ရသည် ။ ထိုလူရိပ်သည် မီးရောင် အောက်သို့ တဖြ ည်းဖြည်း လျှောက်လာသည် ။ လမ်းဘေး ဓာတ်တိုင်မှ ပြာလဲ့လဲ့ မာကျူ ရီ မီးရောင်ကို ကျောပေးထားသဖြင့် သူ့မျက်နှာကို ပီပီပြင်ပြင် သဲကွဲစွာ မမြင်ရသေး။ ထိုသူက အနက်ရောင် အဝတ်အစားများ နှင့် ဖြစ်ပြီး ဂျာ ကင် အနက်ရောင်က ပါသော ခေါင်းစွပ်ကို ဝတ်ထား သေးသဖြင့် မျက်နှာကို အမှောင်နှင့် ကွယ်ထားသည် ။ ထိုသူက လစ်ဇီ့ အနီးသို့ လျှောက်လာသော အခါ

"ဟင်... ရှင် ... ရှင်... ဘာလုပ်မလို့ လဲ"

လစ်ဇီ အနည်းငယ်တော့ ထိတ်လန့်သွားသည် ။ ဘာမှ မရှိသော သူ မထံမှ ဘာလိုချင်လို့ လဲ။ ဒါမှ မဟုတ် သူဌေးဆီက ငွေရလာမှန်း သိလို့

လာလုဖို့ လား။ အမလေး... ကိုယ့်ခန္ဓာကိုယ်ကို အရင်းအနှီး ပြုကာ ဝမ်းကျောင်း နေရသည့် သူမလို ညဥ့်ငှက် တစ်ကောင်စီကတောင် လုယက်ဖို့ စိတ်ကူးနေသည့် အချောင်သမားလား။ လစ်ဇီ အတွေးအမျိုးမျိုးနှင့် ခြေလှမ်းတွေကို ဖြည်းညင်းစွာ နောက်သို့ တစ်လှမ်းချင်း ဆုတ်လိုက်မိသည် ။ ထိုသူ၏ မျက်နှာကို ပီပီပြင်ပြင် မြင်လာရသော အခါ ...

" ဟင် အလွန်ချောမောသည့် ယောက်ျားပျို တစ်ယောက်ပါလား"

ထိုယောက်ျားပျို၏ ရုပ်ရည်က ချောမော ခန့်ညားလှပေမယ့် မျက်လုံး နှစ်လုံးစလုံးက ရဲရဲနီ နေသည် ။ ထိုသူ၏ ဝဲဘက် ပါးပြင် ပေါ်တွင်တော့ အပေါင်းလက္ခဏာ အမှတ်အသားများက ဒေါင်လိုက် အနေအထားနှင့် အတန်းလိုက် ရှိနေသည် ။ မျက်နှာပေါ်တောင် တက်ပြီး တက်တူး ထိုးထားတာလား၊ ဆေးဖြင့် ဆွဲ၍ ခြယ်သ ထားတာလား မသိ။ ထိုသူ၏ မျက်နှာသည် အေးစက်ပြီး တည်ငြိမ် နေသည် ။ သွေးမရှိသလို ဖြူရော်ရော် မျက်နှာထားက မျက်တောင်ပင် တစ်ချက်မှ မခတ်ပါလား။ လစ်ဇီ တစ်ယောက် သူမအနား တိုးကပ်လာသော ထိုသူကို စကားများ အထစ်ထစ် အငေ့ါငေ့ါနှင့် ...

"ရှင်... ရှင်... ရှင်... ဘယ်... ဘယ်သူလဲ... ဘာ ... ဘာလိုချင်လို့ လဲ"

ထိုသူ ပြန်ဖြေသော အေးစက်သော အသံကြီးက လစ်ဇီ၏ ကျောရိုး တစ်လျှောက် စိမ့်တက် သွားကာ ကြက်သီးမွေးညင်းများ ပင် ထသွားစေသည် ။

"ငါက မင်းဆီက လိုချင်တာ ရှိလို့ မဟုတ်ဘူး ...ငါက မင်းကို ပေးစရာ ရှိလို့ လာတာ"

"ဘယ်လို... ဘာ... ဘာပေးမှာ လဲ"

ထိုသူက သွားမပေါ်ဘဲ ပြုံးရုံ ပြုံးလိုက်သည် ။ ထိုသူ၏ အပြုံးကား အေးစက်၍ ချောက်ချားစရာ ကောင်းလှသည် ။

"မင်းနာမည် လစ်ဇီ... အသက်က ၂၀ ... အလုပ်က ကလပ်တွေမှာ အပျော်မယ်... အသက် ၁၀ နှစ်မှာ ပဲ ပထွေးက ခြေတော်တင်တယ်... အခု တစ်လ ၄ သောင်းလောက် ပေးရတဲ့ အဆောင် တစ်ခုမှာ နေနေရတယ်။ အဆောင်က လူတွေနဲ့ လည်း တစ်ယောက်မှ မတည့်ဘူး ဟုတ်တယ် မဟုတ်လား"

"ရှင်... ရှင်... ဘယ်လို ... ကျွန်မ အကြောင်းတွေ သိနေတာလဲ"

"ငါ မသိနိုင်တာ ဘာမှ မရှိဘူး... မင်း ဒီဘဝက မလွတ်မြောက် ချင်ဘူးလား လစ်ဇီ"

လစ်ဇီ ထိုသူကို ထိတ်လန့် နေမိပေမယ့် အဘယ်သို့သော အကြောင်းကြောင့် မသိ ထိုသူ မေးမြန်း တာကို မလိမ်ညာပဲ စိတ်ထဲ ရှိသလို အမှန်အတိုင်း ဖြေမိရက်သား ဖြစ်သွားသည် ။

"လွတ်မြောက် ချင်တာပေါ့"

" ဒါဆို မင်းကို အဆင့်အတန်းရှိ ငွေကြေး ပြည့်စုံတဲ့ ယောကျ်ား တစ်ယောက်က ချစ်သူ အဖြစ် ရွေးချယ်မယ် ဆိုရင်ကော"

လစ်ဇီ့ မျက်နှာသည် ညှိုးငယ် သွားပြီး ...

" ကျွန်မလို မိန်းကလေး တစ်ယောက်အတွက် ဒါမျိုးက စိတ်ကူးယဉ်မှု တစ်ခုပါပဲ"

" စိတ်ကူးယဉ်စရာ မလိုတော့ဘူး၊ ဒါတွေကို လက်တွေ့ ဖြစ်လာအောင် ငါက လုပ်ပေးနိုင်တယ် ဆိုရင်ရော"

"ရှင်... ရှင်က ဘယ်လို လုပ်ပေးမှာ လဲ"

"ငါဖြစ်အောင် လုပ်ပေးနိုင်တယ်လို့ ပြောပြီးပြီပဲ ... မင်း အဲဒီ ဘဝကို လိုချင်လား မလိုချင် ဘူးလားပဲ ဖြေပါ"

"လိုချင်ပါတယ်"

"ကောင်းပြီ ...အဲဒီလို ဖြစ်လာခဲ့ရင် မင်းဘက်က ငါ့အတွက် ဘာပြန် လုပ်ပေးနိုင်မလဲ"

"အဲဒီလို ဖြစ်လာခဲ့ရင် ကျွန်မဘက်က ဘာမဆို ပြန်လုပ်ပေးဖို့ အသင့်ပါပဲ"

"ကောင်းပြီ... မင်းစကား... မင်းတည်ပါစေ... မင်းဖြစ်ချင်တာတွေ မကြာခင် ဖြစ်လာလိမ့်မယ်... အဲဒီအခါ မင်းငါခိုင်းတာတွေ လုပ်ပေးဖို့ ပြင်ထားပါ"

ပြောပြီး ထိုယောကျ်ားပျိုဟာ လစ်ဇီရှေ့မှ လှည့်၍ ထွက်ခွာ သွားလေသည်။

နောက် (၁)လခန့် ကြာပြီးနောက် လစ်ဇီဟာ စေပိုင် ကုမ္ပဏီပိုင်ရှင် ဦးသုထက်၏ ချစ်ခွင့်ပန်ခြင်းကို ခံရလေသည်။ ထိုနောက် သူမ၏ ညဥ့် ပျော် ဘဝမှ လွတ်မြောက်ခဲ့ကာ တန်ဖိုးကြီး ကွန်ဒို တိုက်ခန်းတစ်ခု၊ ကားတစ်စီးနှင့် ဦးသုထက်၏ အပျော်မယား တစ်ယောက် ဖြစ်ခဲ့သည်။ ယောကျ်ားတကာကို လိုက်ပြုစု နေရတာထက် ဒီဘဝက မဆိုးဟု သူမ ထင်ခဲ့သည်။

***